# နိုင်ငံရေးမုန်တိုင်းကြီးလာတော့မည်

တိုင်းပြည်ကိုကယ်တင်မဲ့ ဒုတိယပင်လုံညီလာခံကြီးလာတော့မည်။
ပထမပင်လုံညီလာခံသည် နယ်ချဲ့ လက်အောက်မှလွတ်မြောက်စေခဲ့သည်။
ယခုလာမည့် ဒုတိယပင်လုံညီလာခံကြီးသည် စစ်အာဏာရှင်အောက်မှလွတ်မြောက်စေတော့မည်။
NLD ခေါင်းဆောင်များနှင့်တိုင်းရင်းသားခေါင်းဆောင်များ တိုင်းပြည်ကိုအမြော်အမြင်ကြီးမားစွာဦးဆောင်လိုက်ပြီ ။
ခေါင်းဆောင်ကြီးများရဲ့ အမြော်အမြင်ကြီးမှု ၊ ရဲရင့်ပြတ်သားမှု ၊
မှန်ကန်သောဦးဆောင်မှုကိုရိုသေလေးစားစွာဖြင့်အလေးပြုလိုက်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သောပထမ ပင်လုံညီလာခံ၏ ရလဒ်မှာ အမျိုးသားများပြန်လည်သင့်မြတ်ခဲ့ကြပြီး ဒီစုစည်းမှုအင်အားနဲ့ နယ်ချဲ့လက်အောက်မှလွတ်မြောက်စေခဲ့တယ်။ယခုလာမဲ့ဒုတိယပင်လုံညီလာခံကြီးအောင်မြင်စွာကျင်းပနိုင်ခဲ့မယ်ဆိုယင် အမျိုးသားပြန်လည်သင့်မြတ်ရေးကိုရရှိစေပြီး တိုင်းပြည်ရဲ့အဓိကပြဿနာများကိုလဲအောင်မြင်စွာဖြေရှင်းပေးနိုင်မှာမလွဲပါ။ ဒါ့အပြင်ဒီညီလာခံကြီးမှပေါ်ထွက်လာသောစုစည်းမှုအင်အားကြောင့် ပြည်သူများစစ်အာဏာရှင်လက်အောက်မှလွတ်မြောက်ကြတော့မှာ ဧကန်အမှန်မလွဲပါ ။ ထို့ကြောင့် ယခုအချိန်မှာ ခေါင်းဆောင်ကြီးများရဲ့အမြော်အမြင်ကြီမားပြီး မှန်ကန်တိကျစွာဦးဆောင်မှုအောက်မှာ တသွေမတိမ်းလိုက်နာစုစည်းကြဖို့အထူးလိုအပ်နေပြီဖြစ်ကြောင်းကျနော်တိုက်တွန်းအပ်ပါတယ်။

ဒီဒုတိယပင်လုံညီလာခံကြီးဟာ တချို့ပုဂ္ဂိုလ်များတောင်းဆိုနေကြသော စင်ပြိုင်အစိုးရ ၊ ကြားဖြတ်အစိုးရ ထက်အဆပေါင်းများစွာ အင်အားကြီးလှပါတယ်။ သမိုင်းစဉ်အရလဲမှန်ကန်တိကျပါတယ်။ တိုင်းပြည်မှာနှစ်ပေါင်းများစွာ ဖြစ်ပွားခဲ့ ၊ဖြစ်ပွားဆဲ ဖြစ်သော ပြည်တွင်းစစ် နှင့် တခြားခက်ခဲနက်နဲသောပြဿနာများကိုဖြေရှင်းနိုင်တဲ့ တခုတည်းသောအဖြေဘဲဖြစ်ပါတယ်။ အခုအချိန်မှာ လူတော်တော်များများတွေဝေ ဒွိဟဖြစ်နေကြတဲ့ ရွေးကောက်ပွဲပြီးယင် ဘယ်လိုဆက်လုပ်ကြမလဲ ဆိုတဲ့ မေးခွန်းကို အမြော်အမြင်ကြီးမားသောခေါင်းဆောင်များက ဘာဆက်လုပ်ရမလဲဆိုတာကို ဖြေကြားမီးမောင်းထိုးပြလိုက်ပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီဒုတိယ ပင်လုံညီလာခံကြီးအောင်မြင်ဖြစ်မြောက်ဖို့အတွက် ပြည်သူအားလုံး ပြည်တွင်း ပြည်ပ မကျန် ဝိုင်းဝန်းပါဝင်လုပ်ဆောင်ကြရမှာကလွဲလို့တခြားနည်းလမ်းမရှိတော့ပါ ။

NLD ခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များဟာ ဒုတိယပင်လုံညီလာခံအဆင့်ကို ကြုံသလို ၊ ထင်သလို အလွယ်တကူ စဉ်းစားပြီး လုပ်ဆောင်ခဲ့ခြင်း မဟုတ်ပါ ။ စနစ်တကျ စီစဉ်လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပါတယ်။
နိုင်ငံရေးကို တဆင့်ချင်း အဆင့်ဆင့် သွားခဲ့ကြခြင်းဖြစ်ပါတယ် ။
၁၉၈၈ နောက်ပိုင်း သူတို့ရဲ့အဆင့်ဆင့်လုပ်ဆောင်လာမှုကို ပြန်ကြည့်ယင်ထင်ရှားစွာတွေ့မြင်ပါလိမ့်မယ် ။

**နိဂုံး**

ဒီဒုတိယပင်လုံညီလာခံ သည်သာ စစ်အာဏာရှင် ကိုထိုးနှက်နိုင်သော တခုတည်းသော လက်နက် ဖြစ်တယ်။
စစ်အာဏာရှင်ကို တုန်လှုပ်စေသော တခုတည်းသော အဖြေဖြစ်တယ်။
မကြာခင်မှာ နံပါတ် ၅ အဆင့် ရှိသော နိုင်ငံရေးမုန်တိုင်းကြီးသည် နေပြည်တော်သို့ ရွှေရွှေ နဲ့ ရွှေလှူားတိုက်ခတ်တော့မည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားလိုက်ပါတယ်။

**ဒုတိယပင်လုံညီလာခံကြီးမှချအောင်မြင်ရမည်**

ခေါင်းဆောင်ကြီးများကိုရိုသေလေးစားစွာဖြင့်
သန်းဝင်း
( ၈၈ မျိုးဆက်ကျောင်းသား )